


ကောင်းကျိုးထွေထွေရကြစေ

# အစွမ်းအစထက်ဒိုး

# ဂါဃ

သီဟဆွေ (သဒ္ဓမ္မဇောတိကဓဇ)

## ပုတီးစိပ်ခြင်းဟူသည်

ပုတီးစိပ်ခြင်းဟူသည်မှာ ဂုဏ်တော်များရွတ်ဖတ်ပူဇော်ခြင်း၊ သမထဝိပဿနာ ဘာဝနာတစ်ပါးပါးကို ပွားများခြင်း စသည်ပြုလုပ်အားထုတ်ရာ၌ မိမိ၏ ရည်မှန်းချက်အဓိဋ္ဌာန်ဖြင့် အရေအတွက် သတ်မှတ်ပြီး ရွတ်ဆိုပွားများသည့်အခါ အရေအတွက်ကို သိရှိရန်အတွက် အမှတ်သညာ ထားခြင်းသာဖြစ်၏။

ထပ်၍ ရှင်းပြရသော် ဂုဏ်တော်များကို ပွားများခြင်း၊ သမထဝိပဿနာ ဘာဝနာတစ်ပါးပါးကို ပွားများအားထုတ်ခြင်းကို ပြုလုပ်အားထုတ်သည်ရှိသော် ဂုဏ်တော်ကို ပွားများခြင်းအကျိုး၊ သမထဝိပဿနာဘာဝနာပွားများရခြင်းအကျိုးတို့ရရှိနိုင်၏။


ယင်းသို့ပွားများရာတွင် အချိန်ကာလခေါက်ရေ စသည်တို့ကို သတ်မှတ်လျက် အဓိဋ္ဌာန်ဖြင့် ပြုလုပ်ပါက အဓိဋ္ဌာန်ဆောက်တည်မှုအကျိုးကိုပါ ထပ်မံ၍ ရရှိနိုင်၏။

သို့သော် အဓိဋ္ဌာန်ပြုရာတွင် မနိုင်မနင်းခက်ခဲလောက်အောင်မပြုပါနှင့်။ မိမိတတ်နိုင်သလောက် တစ်ပိုင်တစ်နိုင်သဘောဖြစ်နိုင်သလောက်ကိုသာအဓိဋ္ဌာန်ပြုဆောက်တည်ပါ။ အလေ့အကျင့်ရလာမှနောင်တဖြည်းဖြည်း တိုး၍တိုး၍ ဆောက်တည်ပါ။ နည်းနည်းများများ သတ်မှတ်ချက်ထား၍ အဓိဋ္ဌာန်ပြုမှ ပြည့်စုံကအဓိဋ္ဌာန်အကျိုးကိုခံစားရသည်သာ အဓိဋ္ဌာန်ဟူသည်မှာ ပါရမီ ၁၀ ပါးတွင် ပါဝင်သည့် ကုသိုလ်ကံတစ်ခုပင်ဖြစ်သည် မဟုတ်ပါလော။

အဓိဋ္ဌာန်ပြုခြင်း၊ သစ္စာဆိုခြင်းတို့ကား ဒွန်တွဲနေဘိ၏။ ကိစ္စတစ်ခုကို အာမခံဆောက်တည်၍ အဓိဋ္ဌာန်ပြုခြင်း (ဝန်ခံထားခြင်း) ကို မဖြစ်မနေ ပြီးမြောက်အောင် လုပ်ဆောင်က မိမိဝန်ခံချက်အတိုင်း မှန်ကန်စွာလုပ်ဆောင်ခြင်းဖြစ်၍ သစ္စာရှိမှုဖြစ်၏။ အဓိဋ္ဌာန်ပြုထားသည့်အတိုင်း မဖြစ်လာဘဲ ဖျက်ကွက်ခဲ့သော် သစ္စာမရှိ၊ ကတိမတည်ရာ ရောက်ပြီး သစ္စာဖောက်ရာကျ၏။ ယင်းကြောင့် အဓိဋ္ဌာန်နှင့် သစ္စာ၊ သစ္စာနှင့် အဓိဋ္ဌာန် ဒွန်တွဲလျက်ရှိနေရာ သစ္စာအဓိဋ္ဌာန်ဟူ၍ တွဲဖက်သုံးစွဲကြသည် မဟုတ်ပါလော။

ဤမျှအထိ အရေးကြီးသော သစ္စာအဓိဋ္ဌာန်ကို ပြည့်စုံနိုင်ရေး အတွက် အမှတ်သညာအဖြစ် ပုတီးကို အသုံးပြုရခြင်း ဖြစ်ပေသည်။

ဤနေရာဝယ် ပုတီးစိပ်နည်းနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်အမည်ရှိ ကျမ်းအပိုင်း ၂၊ အခန်း -၅ တွင် ဖော်ပြထားသည်ကို မူရင်းအတိုင်း ထုတ်နုတ်တင်ပြပေအံ့။



## ပုတီးစိပ်နည်း

ပုတီး၊

ပုတီးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၌ ၃၂ ကောဋ္ဌာသကိုရည်၍ ၃၂ လုံး၊ ဗုဒ္ဓနှင့် သံဃဂုဏ်ကို ရည်စူး၍ ၉ လုံး၊ ဓမ္မဂုဏ်ကို ရည်စူး၍ ၆ လုံး၊ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို ရည်စူး၍ ၁၀၈ လုံး၊ စသည်ဖြင့် အသီးသီး ပြုလုပ်ကြလေသည်။ သို့သော် ပုတီးလုံးရေမည်ရွေ့မည်မျှ ပြုလုပ်ရမည်ဟူ၍ကား ပညတ်ချက်၊ ကန့်သတ်ချက် မရှိပေ။

ပုတီးပြုလုပ်ရာတွင် ကြိုးထုံးမှစခဲ့သည်။ နောက်ပိုင်းတွင် သန္တာ၊ ပယင်း၊ ပုလဲ၊ လူရိုး (မိဘဆရာသမားတို့၏အရိုး)၊ သစ်သားမျိုးစုံ (နေ့နံအလိုက်)၊ ငွေ၊ ယွန်း၊ အုန်း၊ ထန်း စသည်တို့ဖြင့် ပြုလုပ်ကြသည်။ သို့သော် ပုတီးပြုလုပ်ရန်အတွက် မည်သည့်ပစ္စည်းမျိုးဖြင့်သာ ပြုလုပ်ရမည်ဟူ၍ ပညတ်ကန့်သတ် သတ်မှတ်ထားချက် မရှိပေ။

### ပုတီးစိပ်ခြင်း

ပုတီးအကြောင်းကို အနည်းငယ်သိရှိပြီးသောအခါ ပုတီးကို မည်ကဲ့သို့ စိပ်ကြမည်နည်း။ အဘယ်ကို အာရုံပြု၍ အဘယ်ကိုရွတ်ဆို၍ ပုတီးစိပ်ကြမည်နည်းဟူသောအမေး၏အဖြေကို သိထားသင့်ပေသည်။ သို့မှသာ ပုတီးစိပ်ခြင်း၏ အကျိုးကို ခံစားရမည်ဖြစ်ပေသည်။ ပုတီးစိပ်ခြင်းဆိုသည်မှာ . . .

(၁) နှလုံးသွင်း ဆင်ခြင်ပွားများမှု
(၂) ပုတီးစေ့ချမှတ်မှု

ဟူ၍ လုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်နက် ပူးတွဲဆောင်ရွက်ရသည်ဖြစ်သောကြောင့် အာရုံမရဘဲ ပုတီးလုံးလေးများ ရေတွက်ရုံသက်သက်ဖြင့် ပုတီးစိပ်သည်ဟုဆိုလျှင် မပြည့်စုံကြောင်း၊ အကျိုးထူးရနိုင်မည်မဟုတ်ကြောင်းသိအပ်ပေသည်။ အာရုံမိသော ပုတီးစိပ်ခြင်းသည်သာ အရည်အချင်းကို အကျိုးပြုသော အရေအတွက်တစ်ရပ်ဖြစ်သည်၊ တစ်နည်းအားဖြင့် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းရာ၌ အကူအညီကောင်းတစ်ရပ်ဖြစ်လေသည်။

ပုတီးစိပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုသိုလ်ရရန်ပင်ဖြစ်ပါသည်။ သို့သော် ပုတီးစိပ်ခြင်းအလုပ်သည် အပြစ်ကင်း၍ ပုတီးစိပ်စဉ် အာရုံစူးစိုက်နေခိုက် စိတ်ချမ်းသာနေလိမ့်မည်။ ဘေးအန္တရာယ်ကင်းခြင်း၊ သိဒ္ဓိအမျိုးမျိုးကို ရရှိခြင်း အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပေသည်။

ပုတီးစိပ်ခြင်းတွင် 'နှလုံးသွင်း ဆင်ခြင်ပွားများမှု' ဟူသောအရာ၌ မိမိတို့နှစ်သက်အားသန်ရာကို အာရုံပြုနှလုံးသွင်းနိုင်ကြပါသည်။ အချို့လည်း ဗုဒ္ဓါနုဿတိဂုဏ်တော်၊ အချို့လည်း ဓမ္မာနုဿတိဂုဏ်တော်၊ အချို့လည်း သံဃာနုဿတိဂုဏ်တော်၊ အချို့လည်း ၃၂ ကောဋ္ဌာသ လက္ခဏာရေးသုံးပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါး၊ သစ္စာ ၄ ပါးစသည်ဖြင့် အမျိုးမျိုးအာရုံပြုနှလုံးသွင်းကြပါသည်။ ဗုဒ္ဓဘာသာဝင်အများအပြားတို့ကမူ များသောအားဖြင့် ဂုဏ်တော်များကိုသာ အာရုံပြုနှလုံးသွင်းရွတ်ဆိုကြသည်သာ များပါသည်။

ဤကား ဗုဒ္ဓဘာသာကောင်းတစ်ယောက်အမည်ရှိကျမ်းမှ ထုတ်နုတ်တင်ပြချက် ဖြစ်ပေသည်။

### ဂုဏ်တော်ပွားကတူသော အကျိုးကိုရ

သဗ္ဗိသံပါကံဇနေတိ - စေတနာသည် တူသောအကျိုးကိုပေး၏၊ ဤသည်ကို ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာယုံကြည်ကြ၏။

ဘုရားဂုဏ်တော် ၉ ပါးမှာ တစ်ပါးပါးကို ရွတ်ဖတ်ပူဇော်ပါက ထိုဂုဏ်တော်အလား တူမျှသော အကျိုးများကို ရရှိနိုင်၏။

ဤနေရာဝယ် ဗုဒ္ဓဂုဏ်တော် ၉ ပါး၊ ဓမ္မဂုဏ်တော် ၆ ပါး၊ သံဃဂုဏ်တော် ၉ ပါး၊ ဤသို့ ရတနာသုံးပါး၏ ဂုဏ်တော်များ၏ အဓိပ္ပါယ်ကို အကျဉ်းမျှတင်ပြပေအံ့။

### ဘုရားဂုဏ်တော် ၉ ပါး

၁။ အရဟံ - ကိလေသာမှ ဝေးကွာခြင်း၊ ကိလေသာရန်သူကို သတ်

တတ်ခြင်း၊ သံသရာလည်ပတ်မှုကို ဖျက်ဆီးတတ်ခြင်း၊ ပူဇော်အထူးကို ခံတော်မူထိုက်ခြင်း၊ ဆိတ်ကွယ်ရာ၌ ပင်သော်လည်း မကောင်းမှုကို မပြုခြင်း။

၂။ သမ္မာသမ္ဗုဒ္ဓေါ - အလုံးစုံသော တရားအပေါင်းတို့ကို မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူခြင်း။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော - အသိဉာဏ်(ဝိဇ္ဇာ) အကျင့်တရား(စရဏ) တို့နှင့် ပြည့်စုံခြင်း။

၄။ သုဂတော - နိဗ္ဗာန်သို့ကောင်းစွာသွားတတ်ခြင်း၊ ကောင်းသောစကားကို ပြောဆိုတော်မူတတ်ခြင်း။

၅။ လောကဝိဒူ - သတ္တဝါဟူသမျှ (သတ္တလောက) သတ္တဝါတို့ တည်နေရာ (ဩကာသလောက) အရာအားလုံးတို့၏ ဖြစ်ပျက်မှု (သင်္ခါရလောက) ဟူသည့် လောက ၃ ပါးကိုသိတော်မူခြင်း။

၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ- မယဉ်ကျေးသူ၊ ဆုံးမထိုက်သူတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူတတ်ခြင်း။

၇။ သတ္ထာဒေဝမနုဿနံ - နတ်လူအားလုံးတို့၏ ဆရာဖြစ်တော်မူခြင်း။

၈။ ဗုဒ္ဓေါ - သစ္စာ ၄ ပါး အမှန်တရားကို သိတော်မူခြင်း။

၉။ ဘဂဝါ - ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူခြင်း။

## တရားဂုဏ်တော် ၆ ပါး

၁။ သွာက္ခာတော - ဘုရားရှင်က ကောင်းစွာဟောကြားထားခြင်း။

၂။ သန္ဒိဋ္ဌိကော - ကျင့်ကြံသူအတွက် မျက်မှောက်ဘဝမှာပင် ကိုယ်တိုင်ရှုမြင်နိုင်သည့် စွမ်းအားရှိခြင်း။

၃။ အကာလိကော - ရှုပွားနေသော ယောဂီ အတွက် မဂ်ပြီးလျှင် ဖိုလ်တရားသည် အချိန်မဆိုင်းဘဲ ဖြစ်ပေါ်နိုင်ခြင်း။

၄။ ဧဟိပဿိကော - 'လာလော့ လက်တွေ့ကျင့်ကြည့်လော့' ဟု ရဲရဲဝံ့ဝံ့ဖိတ်ခေါ်ခံနိုင်ခြင်း။

၅။ ဩပနေယျိကော - မိမိသန္တာန်၌ အစဉ်အမြဲကပ်၍ ဆောင်ထားသင့်ခြင်း။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ - မဂ်ဖိုလ်နိဗ္ဗာန်တရား အရသာကို အရိယာသူတော်ကောင်းတို့ အသီးသီး လက်တွေ့ခံစားနိုင်ခြင်း။

## သံဃာ့ဂုဏ်တော် ၉ ပါး

၁။ သုပ္ပဋိပန္နော - ကောင်းစွာကျင့်တော်မူခြင်း။

၂။ ဥဇုပ္ပဋိပန္နော - ဖြောင့်မတ်စွာကျင့်တော်မူခြင်း။

၃။ ဉာယပ္ပဋိပန္နော - နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူခြင်း။

၄။ သာမိစိပဋိပ္ပန္နော - အရိုအသေပြုခြင်းငှာ ထိုက်အောင်ကျင့်တော်မူခြင်း။

၅။ အာဟုနေယျော - အဝေးမှဆောင်ယူလာသည့် ပစ္စည်းကိုပင် ခံယူထိုက်တော်မူခြင်း။

၆။ ပါဟုနေယျော - ဧည့်သည်အတွက် အထူးစီမံထားသော ပစ္စည်းကိုပင် ခံယူထိုက်ခြင်း။

၇။ ဒက္ခိနေယျော - မြတ်သောအလှူကို ခံယူတော်မူထိုက်ခြင်း။

၈။ အဉ္ဇလိကရဏီယော - လက်အုပ်ချီမိုး ရှိခိုးမြင်းကို ခံယူတော်မူထိုက်ခြင်း။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ - ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တော်မူခြင်း။

ဖော်ပြပါ ရတနာသုံးပါး၏ ဂုဏ်တော်များကို မြန်မာလိုအဓိပ္ပါယ်ကို သိရှိမှတ်မိအောင်လေ့လာထားပါ။ ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ ဘုရားဂုဏ်တော် ၉ ပါးလုံးကို စုပေါင်း၍ဖြစ်စေ ရွတ်ဆိုပြီး ပုတီးစိပ်သည့်အခါ အထက်ကဖော်ပြခဲ့သည့် မြန်မာလိုအဓိပ္ပါယ်များကို စိတ်ထဲက အာရုံပြုပြီး ကြည်ညိုပါ။

ဥပမာ - အရဟံဂုဏ်တော် ပုတီးစိပ်သည့်အခါ 'အရဟံ' ဟူ၍လည်းကောင်း၊ 'သောဘဂဝါ ဣတိပိအရဟံ'ဟူ၍လည်းကောင်း ရွတ်ဆိုသည့်အခါ အထက်ပါ အရဟံဂုဏ်တော်၏ အဓိပ္ပါယ် ၅မျိုးအနက် မိမိထင်လွယ် မြင်လွယ်သည့် အဓိပ္ပါယ်တစ်ခုကို အာရုံယူ၍ ဘုရားရှင်၏ ပုံအသွင်ကို စိတ်ထဲမှာထင်လာအောင် ဉာဏ်ဖြင့်ရှုပါ။

ဤဂုဏ်တော်၏ ဓမ္မသဘာဝကို အာရုံကျအောင် နှလုံးသွင်း ဆင်ခြင်ပြီး ပုတီးစိပ်မှုလည်း အကျိုးပေး ထိရောက်မှုရှိမှာဖြစ်၏။ ဂုဏ်တော်အလိုက် တူသောအကျိုးကို ခံစားရရှိနိုင်၏။

ရှင်းအောင်တင်ပြရသော် အရဟံဂုဏ်တော်၏ အဓိပ္ပါယ်မှာ-

(၁) ကိလေသာမှ ဝေးကွာခြင်း

(၂) ကိလေသာရန်သူကို သတ်တတ်ခြင်း

(၃) သံသရာလည်ပတ်မှုကို ဖျက်ဆီးတတ်ခြင်း

(၄) ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း

(၅) ဆိတ်ကွယ်ရာ၌ပင်သော်လည်း မကောင်းမှုကို မပြုလုပ်ခြင်း

ဟူသည့် ဂုဏ်တော်၏ စွမ်းရည်ငါးမျိုး ရှိသည့်အတွက် အရဟံဂုဏ်တော်ကို ပွားများလျှင် အလားတူပင် မိမိစိတ်မှာ ယခင်ကရှိနေကျ လောဘ၊ ဒေါသ စသည့် အကုသိုလ်တရားများနည်းပါးယုတ်လျော့လာခြင်း၊ ရန်သူတို့ မနိုင်စက်နိုင်ခြင်း၊ အခက်အခဲများကို ကျော်လွှားနိုင်ခြင်း၊ လူနတ်အပေါင်း ချစ်ခင်သနားခြင်း၊ မကောင်းမှု အကုသိုလ်များ မဖြစ်ပွားခြင်း အကျိုးများကို ရရှိနိုင်ပေသည်။

သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို ပွားများလျှင် မှတ်ဉာဏ်ကောင်းခြင်းအကျိုးကို ရရှိနိုင်၏။

ဝိဇ္ဇာစရဏ သမ္ပန္နော ဂုဏ်တော်ကို ပွားများပါက အသိဉာဏ်ပညာတိုးပွားခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်လာခြင်းအကျိုးကို ရရှိနိုင်၏။

သုဂတောဂုဏ်တော်ကို ပွားများလျှင် အသံသြဇာကောင်းလာခြင်းအကျိုးကို ရရှိနိုင်၏။

လောကဝိဒူဂုဏ်တော်ကို ပွားများလျှင် အသိဉာဏ်တိုးပွားလာခြင်းအကျိုးကို ရရှိနိုင်၏။


အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကိုပွားများလျှင် အောက်လက်ငယ်သားများအပေါ်မှာ သြဇာညောင်းလာခြင်းအကျိုးကို ရရှိနိုင်၏။

သတ္ထာဒေဝမနုဿနံ ဂုဏ်တော်ကိုပွားများလျှင် လူအများ၏ ရိုသေလေးစားခြင်း၊ အားကိုးယုံကြည်ခြင်းအကျိုးကို ရရှိနိုင်၏။

ဗုဒ္ဓေါ ဂုဏ်တော်ကိုပွားများလျှင် အသိဉာဏ်တိုးပွားလာမှုအကျိုးကို ရရှိနိုင်၏။

ဘဂဝါဂုဏ်တော်ကို ပွားများလျှင် ဘုန်းကျက်သရေတိုးလာခြင်းအကျိုးကို ရရှိနိုင်၏။ သက်ရောက်ဂြိုဟ်စီးညံ့သည့်အခါ ဘဂဝါဂုဏ်တော်ကိုပွားများပါက သက်ရောက်ဂြိုဟ်စီးကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို ပပျောက်စေနိုင်၏။

ဤသို့လျှင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို အာရုံပြု၍ ရွတ်ဆိုပြီး ပုတီးစိပ်လျှင် သက်ဆိုင်



ရာ ဂုဏ်တော်များအလိုက် အကျိုးကျေးဇူးများကို ရရှိခံစားရမှာ ဖြစ်ပေသည်။

ဤမျှမကသေး ဤသို့မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဆိုနှလုံးသွင်းပြီး ပုတီးစိပ်ပွားများခြင်းကား ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်းပင် ဖြစ်၍ ဗုဒ္ဓါနုဿတိဘာဝနာ၏အစွမ်းကြောင့် (ဝါ) ဘုရားဂုဏ်တော်များကို အာရုံပြုနေခိုက် မိမိသန္တာန်မှာ ဘုရားဂုဏ်တော်အာရုံများဖြင့် ထုံမွမ်းနေမှုကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု၊ ချီးမြှောက်မှုကိုပင် ခံယူနိုင်ခြင်းအကျိုး ရှိလှဘိ၏။